# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 13 , 2022 Volume 55, Number 9


**၁၃.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၆၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၈၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၃၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၅၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၈.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၁၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ်(၃၀) ပြည့် ပုလဲရတုအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့၊ (၁၁:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ LOTTE Hotel ၌ ကျင်းပပြုလုပ်ခဲ့သည် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ် (၃၀) ပြည့် ပုလဲရတု အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသားများဘဏ်ကို ၁၉၉၂ ခုနှစ်မှစတင် ဖွင့်လှစ်ခဲ့ရာယခုအခါ နှစ်(၃၀) ပြည့် ပုလဲရတုသို့ ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်း (YSX) ၌ စာရင်းဝင် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ အစုရှယ်ယာရှင်များ၏ ကောင်းကျိုးကိုရှေးရှု၍ အစဉ်တစိုက် ကြိုးစားဆောင်ရွက်သွားရန်နှင့် ပွင့်လင်းမြင်သာမှုရှိပြီး နည်းစနစ်မှန်ကန်သော ဘဏ်တစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း တိကျစွာလိုက်နာ ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊

ဘဏ်လုပ်ငန်းများသည် တိုင်းပြည်စီးပွားရေး၏ အဓိကကျသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည့်အပြင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရန်အတွက် အခြေခံကျသည့် အခန်းကဏ္ဍမှလည်း ပါဝင်နေပါကြောင်း၊ သုံးစွဲသူများ၏ လိုအပ်ချက်များကို စနစ်တကျနည်းလမ်းမှန်ကန်စွာနှင့် ဆောင်ရွက်ပေးပြီး မြန်ဆန်ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ပိုမိုကြိုးစားသွားကြရန် လိုအပ်ကြောင်း၊ သုံးစွဲသူများ၏ လိုအပ်ချက်များ၏ အဓိကကျသည့် Digital အသွင်ကူးပြောင်းရေးကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဘဏ်၏ ဒီဂျစ်တယ်စနစ်ကို Upgrade ပြုလုပ်ပြီး Customer များ အသုံးပြုရာတွင် လွယ်ကူစေရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသားများဘဏ် ဥက္ကဋ္ဌ ဦးတိုးအောင်မြင့်၊ CEO Mr. Gavinda Gurung နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်လာကြသူများက မှတ်တမ်းတင်

ခေတ်ပုံရိုက်ကူးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%85%E1%80%AE%E1%80%B8%E1%80

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်အတိုင်း တစ်ပိဿာလျှင် ၅၆၄၅ ကျပ်ဖြစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီမှ ဇွန် ၁၃ ရက်မှ ၁၉ ရက်အထိ စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်အတိုင်း တစ်ပိဿာလျှင် ၅၆၄၅ ကျပ်ဖြစ်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်နေသဖြင့် ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ပြောင်းလဲမှုမရှိခြင်းဖြစ်ကြောင်းသိရသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း၌ စားအုန်းဆီများအား ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်၍ သိုလှောင်ခြင်းနှင့်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူသွားမည်ဟု ထုတ်ပြန်ထားသည်။ ထိုသို့ထုတ်ပြန်မှုများရှိသော်လည်း ပြင်ပ၌စားအုန်းဆီဝယ်ယူ အသုံးပြုနေရသူများသည် တစ်ပိဿာလျှင် ၈၀၀၀ ဝန်းကျင်ဝယ်ယူသုံးစွဲနေရကြောင်း စားအုန်းဆီဝယ်ယူအသုံးပြုနေရသူများထံမှသိရသည်။

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရန် ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများအရ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကိုလည်း ထုတ်ပြန်ပေးလျက်ရှိသည်။

Source: Popular News Journal

## အောင်မြေသာစံမြို့နယ် သီရိမာလာကုန်စိမ်းဈေးတွင် ရှာင်ဒေသမှထွက်ရှိသည့် ခရမ်းချဉ်သီးများ ဈေးကောင်းရရှိနေ

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာကုန်စိမ်းဈေးတွင် ယခုအခါ ရှာင်ဒေသမှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများမှ သိရသည်။

လက်ရှိအချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်ဒေသမှထွက်ရှိသည့် ခရမ်းချဉ်သီးများ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ခုနစ်စီးမှရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းများမှာလည်း ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၄၀၀၀ ထိရှိကြောင်း သီရိမာလာကုန်စိမ်းဈေးရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်ကပြောပြသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှာင်ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ ပြီးခဲ့တဲ့မေလက နောင်ချိုဒေသဘက်က ခရမ်းချဉ်သီးတွေ ထွက်သေးပါတယ်။ အခုတော့ မရှိတော့ပါဘူး။ ရှာင်ဒေသထွက် ခရမ်းချဉ်သီးတွေပဲ ရှိတော့တာပါ။ ပြီးခဲ့တဲ့မေလက ခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးကို ငွေကျပ် ၁၁၀၀၀ နဲ့ ၁၃၀၀၀ ပဲရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့လနဲ့စာရင် ဒီလထဲမှာ ခရမ်းချဉ်သီးက ဈေးကောင်းရတော့ တောင်သူတွေအတွက် အဆင်ပြေပါတယ်" ဟု ဦးအောင်မိုးနိုင်က ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပန်းပွတ်လက်ရာ အရွယ်စုံသစ်သားဝိုင်ခွက်နှင့် ကော်ဖီခွက်များအရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပန်းပွတ်လက်ရာ အရွယ်စုံ သစ်သားဝိုင်ခွက်နှင့် ကော်ဖီခွက်များအရောင်းသွက်နေကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီးအနီးရှိ တောင်ဝင်ပန်း အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေဂျာ ကိုစိုးသန်းလင်းက ပြောပြ၍သိရသည်။

ပဲခူးတိုင်းဒေသကြီးသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများအနေဖြင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ဝယ်ယူရာတွင် ပိတောက်သားဖြင့် ပြုလုပ်ထားသည့် အရွယ်စုံ သစ်သားဝိုင်ခွက်များနှင့် ကော်ဖီခွက်များကိုဝယ်ယူကြကြောင်း၊ နေ့စဉ် အလုံးရေ ၃၀ ခန့်ရောင်းချရပြီး ဈေးနှုန်းမှာ အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၄၅၀၀ မှ ၇၀၀၀ ထိရှိကြောင်း သိရသည်။

“ပဲခူးကိုလာတဲ့ ဧည့်သည်တွေက အမှတ်တရပစ္စည်းတွေ ဝယ်တဲ့အခါ ပိတောက်သားနဲ့လုပ်ထားတဲ့ ပန်းပွတ်လက်ရာ ဝိုင်ခွက်လေးတွေကိုအဝယ်များတယ်။ ကော်ဖီခွက်က ပိုရောင်းရတယ်။ ကော်ဖီခွက်မှာလဲ အဖုံးပါတဲ့ခွက်က ပိုရောင်းရပါတယ်” ဟု ကိုစိုးသန်းလင်းက ပြောပြသည်။

၂၀၁၅ ခုနှစ်နောက်ပိုင်းမှစတင်ကာ ကျန်းမာရေးအတွက် ပလတ်စတစ်ခွက်နှင့် စတီးခွက်များ အသုံးပြုမှုထက် သစ်သားထည်များကို ပိုမိုအသုံးပြုလာခြင်းကြောင့် အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွင်း သစ်သားဖြင့် ပြုလုပ်ထားသည့်ခွက်များ သိသိသာသာ ရောင်းအားတက်လာခဲ့ပြီး ကိုဗစ်ကာလအတွင်း အရောင်းရပ်နားခဲ့ရသော်လည်း ယခုကာလတွင် အရောင်းသွက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပသို့တစ်လလျှင် ပျမ်းမျှဆန်တန်ချိန် နှစ်သိန်းခန့်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆန်မက်ထရစ်တန် နှစ်သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေ

မြန်မာနိုင်ငံမှ ပြည်ပသို့တစ်လလျှင် ပျမ်းမျှဆန်တန်ချိန် နှစ်သိန်းခန့် တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် မက်ထရစ်တန်ချိန် နှစ်သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကာ ဖြစ်ပေါ်လာသောအခက်အခဲများကို နိုင်ငံတော် အစိုးရနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ပြည်ပသို့တင်ပို့သော တန်းမြင့်ဆန်ဖြစ်သည့် ပေါင်းဆန်များကို ဥရောပဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိရာ ထိုသို့ တင်ပို့ရာ၌ နိုင်ငံခြားငွေလဲနှုန်းပေါ်တွင် သက်ရောက်မှုမရှိသော်လည်း အခြေခံကျသော ဆန်တင်ပို့မှုတွင် အနည်းငယ် ထိခိုက်မှုရှိ၍ သက်ဆိုင်ရာနှင့်ညှိနှိုင်းမှုဖြင့် အခက်အခဲဟူသမျှကို ကျော်ဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကာ မြန်မာ့ ဆန်ကို ဥရောပ၊ တရုတ်၊ အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

ပြည်ပတင်ပို့မှုအတွက် ဆန်ကွဲလိုအပ်ချက်ရှိပြီး ပြည်တွင်းမွေးမြူရေးလုပ်ငန်းအတွက် ဖွဲနု၊ ဆန်ကွဲနှင့် ယမကာ ချက်လုပ်သော လုပ်ငန်းအတွက် ဆန်ကွဲကို ဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာ့ဆန်ကွဲကို ဥရောပနှင့်တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်သို့တင်ပို့လျက်ရှိကာ ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပ တင်ပို့မှုထိန်းညှိရန် လိုအပ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် ငွေကြေးလည်ပတ်မှု လုပ်ငန်းအခက်အခဲများရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် မနှစ်ကထက် ပိုမိုကောင်းမွန်ခဲ့ကာ ပုံမှန်အခြေအနေသို့ မရောက်သေးဘဲ ငွေကြေးလည်ပတ်မှုလုပ်ငန်းအနေဖြင့် ဆန်စပါးနှင့်လယ်ယာဖွံ့ဖြိုးရေးကဏ္ဍ တွင် သက်ရောက်မှုရှိခဲ့ရာ မိုးစပါးမပေါ်မီ ဇူလိုင်နှင့်ဩဂုတ်နှစ်လတာကာလတွင် ဆန်နှင့်ဆန်ကွဲတည်ငြိမ်သော ဈေးကွက် တစ်ခုဖြစ်ပေါ်ရန် ကုန်စည်ဒိုင်များကုန်စည်စီးဆင်းမှု၊ ဆန်ပိုဒေသနှင့်ဆန်လိုဒေသ ချိန်ညှိဆောင်ရွက်မှုနှင့် နယ်ဒေသတို့တွင်

ဆန်စပါးလက်ကျန်အခြေအနေတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးရောင်းဝယ်သူများ ညှိနှိုင်း၍ အကောင်းဆုံး ဆောင်ရွက်ထားကြောင်း၊ မြေဩဇာဈေးနှုန်းကြီးမြင့်မှု၊ သယ်ယူစရိတ်ကြီးမြင့်မှုနှင့် ဆန်စက်များ လည်ပတ်မှုကျဆင်းမှုကြောင့် ပြည်တွင်းဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့မှုဖြင့် အခြေခံစားသုံးဆန်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ခန့်နှင့် ဆန်ကွဲနှင့်ကောက်ညှင်းဆန်ဈေးနှုန်း မြင့်တက်ခဲ့သော်လည်း မိုးရာသီနှစ်လတာတွင် ဆန်ဈေးကွက် တည်ငြိမ်မှုအတွက် ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

ဆန်နှင့်ဆန်ကွဲကို ပြည်ပပို့ကုန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ဈေးနှုန်းတည်ငြိမ်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့ လစဉ်ဆန်တန်ချိန် နှစ်သိန်းတင်ပို့လျက်ရှိကာ ယခုဘဏ္ဍာရေးနှစ်တွင် ဆန်မက်ထရစ်တန်ချိန် နှစ်သန်းတင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source:** https://www.moi.gov.mm/npe/index.php/pnnypsiuttcllng-pmmchnttnkhin-ncsinkhnnng-ykhubhnnddaarencttng-chnmkthrcttn-ncsn-ttngpiuniungrn

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်အများဆုံးတင်ပို့ထားပြီး စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၄ ရာခိုင်နှုန်းကျော်အထိတင်ပို့ခဲ့

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ထိုင်းနိုင်ငံသို့ ပို့ကုန်အများဆုံး တင်ပို့ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တင်ပို့မှု၏ ၂၄ ရာခိုင်နှုန်းကျော် တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုတန်ဖိုးဒေါ်လာ ၁၀၇၂ ဒသမ ၃၄ သန်းရှိသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်ကာလအတွင်းက မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှု တန်ဖိုးဒေါ်လာ ၉၁၆ ဒသမ ၆၈ သန်းရှိသည်။ အဆိုပါကာလနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်ကာလအတွင်းမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်ကာလထက် ပို့ကုန် ၁၇ ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ပို့ကုန်အများဆုံး တင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းတွင် တရုတ်နိုင်ငံသို့ ဒေါ်လာ ၄၉၀၅ ဒသမ ၈၀ သန်းဖြင့် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဒေါ်လာ ၃၁၇၂ ဒသမ၂၆ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကာ အစဉ်လိုက်ရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဂျပန်နိုင်ငံသို့ဒေါ်လာ ၉၄၄ ဒသမ၂၁ သန်း၊ အိန္ဒိယနိုင်ငံသို့ ဒေါ်လာ ၈၃၆ ဒသမ ၃၇ သန်း၊ အမေရိကန်သို့ ဒေါ်လာ ၆၂၀ ဒသမ ၅၉ သန်း၊ ဂျာမနီနိုင်ငံသို့ ဒေါ်လာ ၄၂၆ ဒသမ ၂၅ သန်း၊စပိန်နိုင်ငံသို့ ဒေါ်လာ ၄၁၁ ဒသမ ၇၁ သန်း၊ U.K သို့ ဒေါ်လာ ၃၈၅ ဒသမ ၄၀ သန်း၊ နယ်သာလန်သို့ ဒေါ်လာ ၃၆၆ ဒသမ ၁၈ သန်း၊ တောင်ကိုရီးယားနိုင်ငံသို့ ဒေါ်လာ ၃၀၅ ဒသမ ၇၆ သန်းတင်ပို့ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော(CMP) နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၉၀၆၈ ဒသမ ၉၁၄ သန်း ဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်းရရှိခဲ့သည်။၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၇၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၅၁၄၇ ဒသမ ၀၁၂ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀- ၂၀၂၅ ၏အဓိက ဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊

သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍတို့ပါဝင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/232250

## ထိုင်းသို့ ကော်ဖီအမျိုးမျိုး တင်ပို့ရောင်းချ

ရှမ်းပြည်နယ်တောင်ပိုင်း ဒေသကထွက်ရှိသည့် ဒေသထွက်ကော်ဖီများ ဇန်နဝါရီလမှဧပြီလအထိ ကာလအတွင်း တန်ချိန် ၃၄၀ အထိ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချပေးနိုင်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီမှ ဧပြီကုန်အထိ Polish Wash တန်ချိန် ၁၃၆တန်၊ Natural Dry တန်ချိန် ၂၀၄တန် ထိုင်းဈေးကွက်ထဲသို့ တင်ပို့ရောင်းချခဲ့သည်ဟု သိရသည်။

ပြည်တွင်းဈေးကွက်ပေါက်ဈေးများမှာ – – –

Natural Dry တစ်ပိဿာလျှင် ငွေကျပ် ၆,၀၀၀ ကျပ်မှ ၈,၅၀၀ ကျပ်အထိ

Green Bean တစ်ပိဿာလျှင်ငွေကျပ် ၈,၅၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အထိ

Polish Wash တစ်ပိဿာလျှင် ငွေကျပ် ၁၂,၀၀၀ ကျပ်မှ ၁၃,၀၀၀ ကျပ်အထိ ပေါက်ဈေးရှိနေသည်ဟု သိရသည်။

ထိုင်းနိုင်ငံ ကော်ဖီဈေးကွက် ဈေးနှုန်းများမှာ – – –

Polish Wash တစ်တန်လျှင် ကျပ်သိန်း ၁၂၀ မှ သိန်း ၁၃၀ အထိ၊

Natural Dry တစ်တန်လျှင် ကျပ် ၆၅ သိန်းမှ သိန်း ၇၀ အထိရရှိသည်ဟု သိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4583-coffee-export-to-thai.html

## စားအုန်းဆီတင်ပို့မှု အရှိန်မြှင့်အစီအစဉ်အသစ် အင်ဒိုနီးရှားစတင်

အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီတင်ပို့မှု ပိတ်ပင်ထားခြင်းကို မကြာသေးမီက ပြန်ဖွင့်ပေးပြီးနောက် အနည်းဆုံး စားအုန်းဆီအမျိုးမျိုး တန်ချိန် ၁ သန်းကို စားအုန်းဆီ ပို့ကုန်လုပ်ငန်းရှင်များအကြား ခွဲတမ်းချပေးပြီး တင်ပို့ရန်ရည်ရွယ်သည့် ပို့ကုန်အရှိန်မြှင့် အစီအစဉ်တစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးက ကြာသပတေးနေ့ (ဇွန် ၉ ရက်) မှာ ပြောကြားခဲ့ပါတယ်။ အဆိုပါ အစီအစဉ်ကို ဇူလိုင်လ ၃၁ ရက်အထိ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

တကယ်လို့ တင်ပို့ရန် ခွဲတမ်းကြီးကြီးမားမား လိုအပ်တယ်ဆိုရင် ခွဲတမ်းကြောင့် တန်ချိန် ၁ သန်း ကန့်သတ်ချက် ကျော်လွန်တာကို ခွင့်ပြုပေးမယ်လို့ ဇွန်လ ၇ ရက်မှာ ထုတ်ပြန်တဲ့ စည်းကမ်းသတ်မှတ်ချက်များမှာ ဖော်ပြထားပါတယ်။ စားအုန်းဆီအမျိုးမျိုး တင်ပို့မှုများ ၃ ပတ်ကြာ ပိတ်ပင်ထားခဲ့ပြီး မေလ ၂၃ ရက်မှာ ပြန်လည်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

တင်ပို့မှုအပိုင်း ပြန်အစမှာ အထနှေးနေဆဲဖြစ်ပါတယ်။ စည်းကမ်းအသစ်များအရ ပြည်တွင်းဈေးကွက်ထဲရောင်းချဖို့ မလွဲမသွေ လိုအပ်နေတဲ့အချက်ကြောင့် အခက်အခဲများဖြစ်ပေါ်နေပါတယ်။ မူဝါဒအသစ်ဖြင့် ပြန်ဖွင့်လိုက်တာမှာ စားအုန်းဆီတင်ပို့လိုသူက ပြည်တွင်းဈေးကွက်ထဲမှာ ဆီအုန်းရောင်းချတဲ့ ပမာဏအနည်းအများအရ ပို့ကုန်ခွဲတမ်းချပေးတာ ဖြစ်တဲ့အတွက် ပို့ကုန်ပါမစ် မလျှောက်ထားခင်မှာ ပြည်တွင်းဈေးကွက်ထဲ စားအုန်းဆီကို အရင်ဦးစွာ ရောင်းချထားဖို့ မလွဲမသွေ လိုအပ်ပါတယ်။

ဆီစက်တွေမှာ ဆီကန်တွေပြည့်နေလို့ ဆီစက်နားထားရချိန်မှာ ကုန်ကြမ်းဆီအုန်းခိုင်တွေကို စက်ရုံတွေက အဝယ်ရပ်ထားကြလို့ ဆီအုန်းစိုက်တဲ့သူတွေ ဆီအုန်းခိုင်များ ရောင်းမရဖြစ်နေကြရပါတယ်။ “အစိုးရမှ အရှိန်အဟုန်မြှင့်သည့် အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ထုတ်လုပ်မှုတည်ငြိမ်ရေးနှင့် တောင်သူများအဆင့်တွင် လတ်ဆတ်သော ဆီအုန်းခိုင်ဈေးနှုန်းများ တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းထားနိုင်ရန်အတွက်ဖြစ်ကြောင်း စည်းကမ်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အင်ဒိုနီးရှား၏ စားအုန်းဆီ တင်ပို့မှုပမာဏက တင်ပို့မှု မပိတ်ပင်ခင်ကာလမှာ တစ်လလျှင် ပျမ်းမျှတန်ချိန် ၂ ဒသမ ၅ သန်းမှ ၃ သန်းကြားရှိခဲ့ပါတယ်။ အစိုးရက တင်ပို့မှုများကို တွန်းအားပေးဖို့ စားအုန်းဆီတင်ပို့မှုအပေါ် ပို့ကုန်ခွန် အမြင့်ဆုံး အခွန်နှုန်းထားကို တစ်တန်လျှင် ကန်ဒေါ်လာ ၅၇၅ မှ ၄၈၈ ဒေါ်လာသို့ လျှော့ချပေးထားပါတယ်။

တင်ပို့မှုအရှိန်မြှင့်အစီအစဉ်မှာ ပါဝင်လိုတဲ့ကုမ္ပဏီများအနေဖြင့် သတ်မှတ်ထားသည့်အချက်အလက်များ တင်ပြရမှာ ဖြစ်ပြီး စားအုန်းဆီ သိုလှောင်မှုလက်ကျန်စာရင်းလည်း ပါဝင်ပါတယ်။ ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ အွန်လိုင်းပလက်ဖောင်းမှာ အချက်အလက်များ ဖြည့်သွင်းကြရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4587-indonesia-launches-scheme-to-speed-up-palm-oil-exports.html

## ဆန်၊ စပါး၊ ကြက်သွန်နီဈေးများတက်၊ ပဲဈေးများလည်းတက်၊ မတ်ပဲဆက်တက်နိုင်ခြေရှိ

ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ယခုတစ်ပတ်အတွင်း ဆန်ဈေး၊ ပဲဈေး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူဈေးတွေ အားလုံးတက်လာပါတယ်။

**ဆန်၊ စပါး**

ရန်ကုန်ဈေးကွက်မှာတော့ ဆန်ချောဈေးတွေက အရောင်းအဝယ်အေးနေသလို ဈေးလည်းအေးနေပါတယ်။ ဆန်ကြမ်းဈေးတွေကတော့ အနည်းငယ်တက်ပါတယ်။ ရောဝတီတိုင်းဈေးကွက်မှာတော့ စပါးဈေးရော၊ ဆန်ဈေးရော တက်လာပါတယ်။

**ယနေ့ရန်ကုန်ဈေးကွက်ဆန်ဈေးများနှင့် တစ်ပတ်အတွင်းဈေးအတက်အကျများ**

ဧည့်မထ (ဆန်ကြမ်း) (တစ်အိတ်) – ၃၁၅ဝဝ – ၃၂ဝဝဝ ( ၁၅ဝဝ ကျပ် ဈေးတက်)

ဧည့်မထ ၂၅ % (တစ်အိတ်) – ၃ဝ၅ဝဝ – ၃၁၅ဝဝ (၃ဝဝဝ ကျပ် ဈေးတက်)

ဇစိန်ဆန် (တစ်အိတ်) ၃၁ဝဝဝ – ၃၂ဝဝဝ (၃၅ဝဝ ကျပ် ဈေးတက်)

သီးထပ်ဆန် (တစ်အိတ်) ၃၁ဝဝဝ – ၃၂ဝဝဝ ( ၅ဝဝ ကျပ် ဈေးတက်)

**ရောဝတီတိုင်းဈေးကွက်ဆန်စပါးဈေးများနှင့် တစ်ပတ်အတွင်းဈေးအတက်အကျများ**

ပုသိမ်ပေါ်ဆန်းစပါး (တင်း ၁ဝဝ) – ၁၂ သိန်း ၁ သောင်း (၉၇ဝဝဝ ကျပ် ဈေးတက်)

ပေါ်ဆန်းဆန် (တစ်အိတ်) – ၄၉ဝဝဝ (၂ဝဝဝ ကျပ်ဈေးတက်)

ပုသိမ်ဧည့်မထစပါး (မိုးနှင့်နွေ) (တင်း ၁ဝဝ) – ၇၇၅ဝဝဝ – ၈၂၈ဝဝဝ (၂၈ဝဝဝ ကျပ် ဈေးတက်)

**မြောင်းမြဈေးကွက်ဆန်စပါးဈေးများနှင့် တစ်ပတ်အတွင်းဈေးအတက်အကျများ**

မြောင်းမြပေါ်ဆန်းစပါး (တင်း ၁ဝဝ ) – ၁၂ သိန်း (၈ဝဝဝ ကျပ်ဈေးတက်)

မြောင်းမြပေါ်ဆန်းဆန် (တစ်အိတ်) – ၄၈၅ဝဝ (၁ဝဝဝ ကျပ်ဈေးတက်)

မြောင်းမြဧည့်မထစပါး(မိုး နှင့် နွေ) (တင်း ၁ဝဝ) – ၇၈၂ဝဝဝ – ၈၃၇ဝဝဝ (၄၆ဝဝဝ ကျပ် ဈေးတက်)

ဒေးဒရဲပေါ်ဆန်းနဲ့ ဖျာပုံပေါ်ဆန်းတို့ကလည်း တင်း ၁ဝဝ ကို ၃၅ဝဝဝ လောက် ဈေးတက်လာပြီး ၁၁၅၄ဝဝဝ ကနေ ၁၁၈၅ဝဝဝ ကြား ပေါက်ဈေးရှိပါတယ်။ ဆန်ကလည်း တစ်အိတ်ကို ၂ဝဝဝ နီးပါး ဈေးတက်လာပြီး ၄၈ဝဝဝ ကျပ်ပေါက်ဈေးရှိပါတယ်။

**မတ်ပဲ**

မတ်ပဲက ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးတက်လာပြီး ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၁၅ သိန်းကျော်ထိ ဈေးက တက်လာပါတယ်။ အိန္ဒိယနိုင်ငံက ပဲဝယ်ယူနဲ့ပတ်သတ်ပြီး ဈေးတိုးမြှင့်လိုက်တဲ့ ထုတ်ပြန်ချက်ကြောင့် ပြည်တွင်းပဲဈေးတွေက ဈေးမြင့်တက်လာတာဖြစ်ပါတယ်။ ပဲဈေးကတော့ လက်ရှိမှာထပ်ပြီးတက်နိုင်ခြေရှိတယ်လို့ ကုန်သည်တွေကမျှော်မှန်းထားပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲက တစ်တန်ကို ၁၅ သိန်း ၃ သောင်းနီးပါးအထိပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ ယှဉ်ရင် ၄ သောင်းလောက်ဈေးတက်လာတာပါ။မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၄၆ဝဝဝ ပေါက်ဈေးရှိပြီး ၁ဝဝဝ ကျပ်

ဈေးတက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ ၄၈၃၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၅၀၀ လောက်ဈေးတက်လာပါတယ်။ အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၄၈၅၀၀ ပေါက်ဈေးရှိပြီး ၁၅၀၀ ကျပ်၊ ပြည်ဈေးကွက်မှာတော့ တစ်တင်းကို ၄၉၀၀၀ ကနေ ၅၀၀၀၀ ပေါက်ဈေးရှိပြီး ၁၅၀၀ ကျပ် အသီးသီး ဈေးတက်လာပါတယ်။

**ပဲစင်းငုံနီ**

ပြီးခဲ့တဲ့အပတ်က အနည်းငယ်တက်လာတဲ့ ပဲစင်းငုံနီက ဒီတစ်ပတ်မှာလည်း ဆက်ပြီးတက်လာပါတယ်။ မတ်ပဲလောက် အတက်အကျမကြမ်းပေမယ့် အိန္ဒိယနိုင်ငံထုတ်ပြန်တဲ့ ဈေးမြင့်ပဲထဲမှာ ပဲစင်းငုံနီလည်းပါဝင်လို့ ပြန်လှုပ်ခတ်လာတာဖြစ်ပါတယ်။ ပဲစင်းငုံနီကတော့ လက်ရှိအခြေအနေအရ တက်နိုင်ခြေရှိသေးပေမယ့် အများကြီးတက်နိုင်ခြေမရှိဘူးလို့လည်း ကုန်သည်အချို့က သုံးသပ်နေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၃ သိန်း ၉ သောင်းနီးပါးပေါက်ဈေးရှိပြီး တစ်တန်ကို ၂ သောင်းလောက် ဈေးတက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၂၉၀၀၀ ကနေ ၁၃၁၀၀၀ ကြားပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ် ဈေးတက်လာပါတယ်။ ပခုက္ကူဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်တို့မှာတော့ ပဲစင်းငုံနီက တစ်တင်းကို ၄၃၀၀၀ ကနေ ၄၃၃၀၀ ကြား အရောင်းအဝယ်ရှိနေပြီး တစ်တင်းကို ၁၅၀၀ လောက်ဈေးတက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲဈေးတွေကလည်း ဒီတစ်ပတ်မှာ ဈေးပြန်တက်လာပါတယ်။ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ် ပြန်ကျဆင်းသွားလို့ ဝယ်ယူမှုမြင့်တက်လာပြီး ဈေးတွေပြန်တက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၂၄၁၅ ကနေ ၂၄၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၅ ကျပ်ဈေးကျဆင်းသွားပေမယ့် ကုလားပဲလုံးဖြူကြီးက တစ်ပိဿာကို ၂၅၈၀ မှ ၂၇၂၀ ပေါက်ဈေးရှိပြီး ၈၅ ကျပ်၊ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၃၁၅၀ ကနေ ၃၃၅၀ ပေါက်ဈေးရှိပြီး ၅၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က တစ်အိတ်ကို ၁၃၂၀၀၀ ကနေ ၁၃၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ကုလားပဲ(၉၂၉)က တစ်အိတ်ကို ၁၃၈၅၀၀ ကနေ ၁၃၉၀၀၀ ပေါက်ဈေးရှိပြီး ၄၅၀၀ ကျပ်၊ကုလားပဲ (v2) က တစ်အိတ်ကို ၁၅၀၀၀၀ ပေါက်ဈေးရှိပြီး ၄၀၀၀ကျပ် ဈေးတက်လာပါတယ်။ မုံရွာဈေးကွက်နဲ့ အောင်လံဈေးကွက်တွေမှာလည်း အမျိုးအစားအလိုက် အားလုံးဈေးပြန်တက်လာပါတယ်။

**ကြက်သွန်နီ**

ဒီတစ်ပတ်အတွင်း အလှုပ်ခတ်ဆုံးဖြစ်နေတဲ့ ကြက်သွန်နီဈေးတွေကတော့ နေ့တိုင်းကို ဈေးတက်နေတာဖြစ်ပြီး အမျိုးအစားအလိုက် တစ်ပိဿာကို ကျပ် ၃၀၀ ကနေ ၄၀၀ ကျော်အထိ အသီးသီးမြင့်တက်လာတာဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/market_price_for_rice_onion_and_pea

## STOCK EXCHANGE (13.6.2022)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 13th Jun. 2022

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 71 | 539,600 | 33,109,694 | 251,634 |
| MTSH | 00002 | 2,650 | -50 | -1.85% | 2,700 | 2,700 | 2,650 | 3,860 | 10,294,500 | 38,929,150 | 103,162 |
| MCB | 00003 | 7,800 | -200 | -2.50% | 7,800 | 7,800 | 7,800 | 9 | 70,200 | 10,400,986 | 81,128 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 1 | 18,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 18 | 88,200 | 10,497,598 | 51,438 |

## Market summary

As of 13th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.18 | -2.92 | -0.82% | 357.10 | 357.10 | 354.18 | 3,959 | 11,010,500 | 7 | 616,141 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 13th Jun. 2022

| MYANPIX | 354.18 ▼ 2.92 |
|---|---|
| Total Volume (shares) | 3,959 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 616,141 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 2,650 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 200 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |